# အပြည်ပြည်ဆိုင်ရာ မိုင်းအသိပညာပေးနေ့

၁။ ယနေ့ 2024 ခုနှစ် ဧပြီလ 4 ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမိုင်း အသိပညာပေးနေ့ ကို ကမ္ဘာတစ်ဝှမ်းရှိ လူတစ်ဦးချင်းနှင့် လူမှုအသိုက်အဝန်းများအပေါ် မြေမြှုပ်မိုင်း များ၏ ထိခိုက်ပျက်စီးစေမှုအပေါ် အသိပညာပေး အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားပါသည်။ ယနေ့သည် မြေမြှုပ်မိုင်းများကြောင့် လူသားတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အရေးတကြီး လိုအပ်နေသည့် သတိပေးချက်ဖြစ် သကဲ့သို့ အဆိုပါ မြေမြှုပ်မိုင်း အန္တရာယ်ကင်းစင်စေရေး ဆောင်ရွက်ရန် နှိုးဆော်ချက်တစ်ခုလည်းဖြစ်သည်။ မြေမြှုပ်မိုင်းများသည် ပဋိပက္ခများ ပြီးဆုံးပြီးသည်နှင့် အချိန်အတော်ကြာ၊ အရပ်သား များကို ဆက်လက်အန္တရာယ်ပေးနေခြင်း၊ ထိခိုက်ဒဏ်ရာများ ရရှိစေခြင်းနှင့်၊ စီးပွားရေးကို အနှောင့်အယှက်ပေးကာ ၎င်းတို့၏ နေရပ်များသို့ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်ရေးတို့ကို တားဆီးသည့် ဆိုးသွမ်းသော လက်နက်များဖြစ်သည်။

၂။ 2021 ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းချိန်မှစပြီး မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး ပြိုကွဲသွားခဲ့ရပြီး အကြမ်းဖက် စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ပြည်သူသန်းပေါင်းများစွာကို အိုးအိမ်မဲ့ဖြစ်စေခဲ့ပြီး မြေမြှုပ်မိုင်းများနှင့် စစ်ပွဲ၏အကြွင်းအကျန် (ERW) တို့၏ခြိမ်းခြောက်မှုကို ဖြေရှင်းရန် ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေခဲ့သည်။ ထို့အပြင် တိုက်ပွဲများကို ပိုမို ပြင်းထန်လာစေပြီး မြေမြှုပ်မိုင်း အသုံးပြုခြင်းများ ရှိနေခြင်းသည် ပြည်သူများ၏ လုံခြုံရေးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်စေပါသည်။

၃။ နိဂုံးချုပ်အနေဖြင့် ဤအပြည်ပြည်ဆိုင်ရာ မိုင်းအသိပညာပေးနေ့တွင် မြေမြှုပ်မိုင်းများကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ သို့မဟုတ် မြေမြှုပ်မိုင်း၏ ဆိုးရွားသော အကျိုးသက်ရောက်မှုများကို ကြုံတွေ့ခဲ့ရသူများအား သတိရအောက်မေ့၍ ပြည်သူများ နေထိုင်သည့် ဒေသများတွင် မိုင်းအသုံးပြုခြင်းများ လျှော့ချရေးကို သတိမူရန် အရေးကြီးပါသည်။ ထို့ကြောင့် ပဋိပက္ခများ၏ အရင်းအမြစ်ဖြစ်သော အကြမ်းဖက် စစ်ကောင်စီ၏ အာဏာသိမ်းခြင်းကို ကန့်ကွက်ပြီး စစ်ကောင်စီအာဏာမတည်မြဲရေး ကြိုးပမ်းကြရန်၊ အကြမ်းဖက် စစ်ကောင်စီကို ပြည်သူများ၏ စုပေါင်းအင်အားနှင့် တိုက်ထုတ်ကြရန် အလွန်ပင် အရေးကြီးလှပါသည်။ မြန်မာပြည်သူ/ပြည်သားများ အနေဖြင့် ဤမျှော်မှန်းချက်ကို လက်တွေ့ဖြစ်လာစေရန် နွေဦးတော်လှန်ရေးတွင် ခိုင်မာသော စိတ်အား ထက်သန်မှု ဖြင့် တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ကာ ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုလုံခြုံပြီး တန်းတူညီမျှသည့် အနာဂတ် ကို ဖန်တီးကြရန် တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။